မြန်မာ့ဒီမိုကရေစီအရေး အစာတော်ခံဆန္ဒပြတိုက်ပွဲ

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်

စက်တင်ဘာ ၂၂ ရက် ၂၀၀၄
published by
the Communication and Media Operators Committee

၂ ရက်ကြောက်နေ့

☐ အရုဏ်ဦးနေခြည်တွေဖြာကျပြီး အမှောင်ထုက တဖြည်းဖြည်း ပျောက်ကွယ်သွားတာနဲ့ အမျှ မြင်ကွင်းတွေက တဖြည်းဖြည်းပီပြင်လာပါတယ်။ နယ်ူးယောက်မြို့ ကုလသမဂ္ဂ အဆောက်အဦး ပတ်ပတ်လည်မှာ တော့ ကုလသမဂ္ဂအလံ၊ နိုင်ငံပေါင်းစုံက အလံတွေက လေတိုက်ရာ ဘက်ကို ယိမ်းနွဲ့ လို့ ကခုန်နေကြတယ်။ ကုလသမဂ္ဂအထွေထွေ ညီလာခံကျင်းပနေတဲ့ ကာလမို့ လုံခြုံရေးကိုအထူး တင်းကြပ်ထားပြီး ယာဉ်သွားလာခွင့်တွေကိုလည်းပိတ်ထားတာမို့ လမ်းတွေပေါ်မှာ လုံခြုံရေးတာဝန်ကျသူများနဲ့ သာပြည့်နေပါတယ်။

☐ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်မှာ မကြာခင်မှာပဲ နိုင်ငံ အသီးသီးက နေအစည်းအဝေးလာတက်ကြတဲ့ ထိပ်သီးခေါင်းဆောင်တွေ၊ သတင်းနဲ့ စာနယ်ဇင်းသမားတွေ၊ ကုလသမဂ္ဂကဝန်ထမ်းတွေနဲ့ တဖြည်းဖြည်း စည်ကားလို့ လာပါတော့တယ်။

☐ ကုလသမဂ္ဂအဆောက်အဦးရှေ့ နားကဒက်ဟမ်းမားရှိုးပန်း၌ ထဲမှာတော့ သန်းပေါင်းငါးဆယ်ကျော်သော ပြည်သူလူထု လွတ်မြောက်ရေး၊ လူ့ အခွင့်အရေး ရရှိရေးအတွက် ကိုယ်ကျိုးစွန့် ကာ ငြိမ်းချမ်းစွာ အစာတော်ခံ ဆန္ဒပြနေကြသူ ရဲဘော် ၇-ဦးတို့ တိုက်ပွဲဆင်နွှဲလို့ နေကြတာကို တွေ့ မြင်ရမှာ ဖြစ်ပါတယ်။

☐ "မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂမှ ထိရောက်စွာ အရေးယူ ပေးရန်" ဆို တဲ့ ရည်ရွယ်ချက်နဲ့ အစာတော်ခံဆန္ဒပြနေတဲ့ ရဲဘော် ၇-ဦးဟာ အိပ်ရာထပြီး တာနဲ့ ဘုရားရှိခိုး၊ ပရိတ်တရားတော်တွေ ရွတ်ပွားပြီး တရားထိုင်ခြင်းနဲ့ အစာတော်ခံဆန္ဒပြပွဲ ဒုတိယနေ့ တိုက်ပွဲကို စတင်ခဲ့ကြပါတော့တယ်။

☐ ခရီးမိုင်ပေါင်း ၁၈၀ကျော်ကို မနားတမ်းလမ်းလျှောက်ခဲ့ပြီး အခုလို အစာတော်ခံဆန္ဒပြတိုက်ပွဲကို ဆက်တိုက်ဆင်နွှဲနေကြတဲ့ အတွက် နွမ်းလျ ပင်ပန်း နေသင့်ပေမယ့် ရဲဘော်များ အားလုံးရဲ့ သွင်ပြင်က တက်ကြွလန်းဆန်းလို့ နေပါတယ်။ "ကျွန်မ အစာတော်ခံတိုက်ပွဲမဝင်ခင်တုန်းက အပြင်မှာ တခါတလေ တနေ့ ကို ထမင်း၄-ကြိမ် လောက် စားလေ့ရှိတယ်၊ အခုကျတော့ စိတ်ကပဲ ဆောင်နေလို့ လားမသိဘူး၊ အစာမစား ရတာ နှစ်ရက် ရှိနေပေမယ့် လုံးဝမဆာဘူးဖြစ်နေတယ်" လို့ တိုက်ပွဲဝင် ရဲမေ တစ်ဦး ဖြစ်တဲ့ ဒေါ်ခင်စန်းနွယ်က လာရောက် အားပေးသူတွေကို ရယ်ရယ် မောမောနဲ့ ပြောပြ နေပါသေးတယ်။

☐ သူမဟာ ဩဂုတ်လ ၂၆ရက်နေ့ က နှလုံးအဆိပ်ဝင်နေလို့ ခွဲစိပ်ကုသမှု ခံထားရသူတစ်ဦးလည်းဖြစ်တာကြောင့် အားလုံးက တိုက်ပွဲမဝင်ဖို့ တားဆီးခဲ့ ပေမယ့် မအောင်မြင်ခဲ့ပါဘူး။

☐ အစာတော်ခံဆန္ဒပြပွဲစတင်တဲ့ စက်တင်ဘာလ ၂၁ရက်နေ့ မှာ အသက် ၅၃နှစ်တင်းတင်းပြည့်ခဲ့တဲ့ ရဲဘော် ဦးဟန်လင်းကလည်း "အသွေးနဲ့ အသားနဲ့ လူ ဖြစ်နေတော့ ခရီးရှည်လမ်းလျှောက်ခဲ့တဲ့ အတွက် ခန္ဓာကိုယ်နာကျင်တဲ့ ဒဏ် ၊ အစာမရှိလို့ အားနည်းနေတဲ့ ခံစားမှုတွေ က ရှောင်လို့ မရတာအမှန်ပဲ၊ ဒါပေမယ့် ဒီမိုကရေစီတော်လှန်ရေးအတွက် အသက်ပေးခဲ့ရတဲ့ ရဟန်းရှင်လူ နဲ့ လူမမည် ကျောင်းသားအရွယ်လေးတွေ၊ ထောင်ထဲမှာ ညှင်းပန်းနှိပ်စက်ခံနေရတဲ့ သူတွေ၊ နယ်စပ်မှာ ဆင်းရဲ ဒုက္ခ မျိုးစုံကြုံတွေ့ နေရတဲ့ မြန်မာလူမျိုးတွေ ကို မြင်ယောင်ပြီး သူတို့ အတွက် ငါလုပ်ပေးနေရတာ မွန်မြတ်လှပါလားလို့ ဆင်ခြင်လိုက်တဲ့ အခါ ဝေဒနာတွေကို တွန်းလှန်နိုင်သွားတယ်" လို့ ပြောပါတယ်။

☐ အလားတူပဲ ကျန်တဲ့ရဲဘော်များကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ လာရောက် အားပေး သူများကို စကားစမြည်ပြောဆိုလို့ နေပါတယ်။

☐ ဒက်ဟမ်းမားရိုးပန်း၌ထဲကို မြန်မာတွေနဲ့ အတူ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အလယ်အေးရှား၊ ဇင်ဘာဘွေ စတဲ့ နိုင်ငံ ငါး နိုင်ငံ က ပြည်သူများ ကလည်းလာရောက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြကြတာတွေ့ ရပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြနည်း တွေထဲမှာ အမြင့်ဆုံး ဖြစ်တဲ့ အစာတော်ခံ ဆန္ဒပြပွဲ ဆင်နွှဲတာ ကတော့ မြန်မာတနိုင်ငံတည်းပါ။

☐ ထူးခြားချက် တစ်ခုကတော့ တခြားနိုင်ငံက ဆန္ဒပြလာသူတွေက အချိန်ပိုင်းသာ လာရောက်ကြပြီး ပြန်သွားကြပေမယ့် မြန်မာ့ရဲဘော်များကတော့ တိုက်ပွဲစတင်ကတည်းက ပန်းခြံထဲမှာပဲ ဆက်တိုက် တိုက်ပွဲ ဆင်နွှဲနေခြင်းပါ။

☐ ညနေ ၇-နာရီ အချိန်မှာတော့ တိုက်ပွဲဝင်ရဲဘော်၇-ဦး က ဘုရားရှိခိုးကာ မြန်မာပြည်သူပြည်သားများအားလုံးအတွက် ဆုတောင်းမေတ္တာပို့ သ ကြပါတယ်။☐

☐ ပန်းခြံထဲမှာ အိမ်သာလည်းမရှိ၊ ရွှေ့ လျားနိုင်တဲ့ အိမ်သာ ၄ားရမ်း ထားရှိခွင့် လည်းမပြု၊ ယာယီတဲ တွေလည်းဆောက်ခွင့်မရှိတဲ့ အတွက်

☐ ရဲဘော်၇-ဦး ဟာ မြေပြင်ကို ခုတင်အဖြစ်....

☐ မိုးကောင်းကင် နဲ့ ကြယ်တာရာတွေကို အိမ်အမိုးအဖြစ်နဲ့ ....

☐ တခါတလေ ခပ်ကြမ်းကြမ်းတိုက်ခတ်တတ်သေးတဲ့ နယ်ူးယောက် ☐ ☐

☐ လေအေးအေး ကြားမှာ ....

☐ အတင်းဖွတ်မိတ်ပြီး အိပ်စက်ကြရပါတယ်။

☐ တိုက်ပွဲမဝင်ခင်ကတည်းက ကြမ်းတမ်းလိမ့်မယ်လို့ ကြိုတွေးထားပြီးသား ပဲလေ။ မြန်မာပြည်သူတွေ ရဲ့ လွတ်မြောက်ရေးအတွက် ဘယ်လောက်ပဲ ခက်ခဲ ကြမ်းတမ်းမှုတွေ နဲ့ ကြုံပါစေ၊ မလျော့တဲ့ ဇွဲ၊လုံ့ လနဲ့ ဆက်ပြီးတိုက်ပွဲဝင်ဦးမယ့် သံမဏိစိတ်ဓာတ်တွေနဲ့ ပါ။

☐

☐ (စာဖတ်သူများသိမြင်နိုင်စေရန် ရဲဘော်တစ်ဦးချင်းစီ၏ ကိုယ်ရေး ရာဇဝင်များ နှင့် တိုက်ပွဲခံယူချက်များကို ဆက်လက်တင်ပြပေး သွားမည်ဖြစ်ပြီး၊ နယ်ူးယောက်ရှိ မြန်မာများက ရဲဘော်များ အားလာရောက် စောင့်ရှောက်ခြင်း အားပေးခြင်းဖြင့် ဖြစ်စေ၊ နိုင်ငံအသီးသီးမှအဖွဲ့ အစည်းများအနေဖြင့်လည်း ရဲဘော်များထံသို့ အားပေး ထောက်ခံကြောင်း စာများ ရေးသား ခြင်းသို့ မဟုတ် ပန်းစည်းများပေးပို့ ခြင်းဖြင့် ဖြစ်စေ အဝှ တက္ခ ပါဝင်တိုက်ပွဲဝင်ကြပါရန် သတင်းထုတ်ပြန်ရေးကော်မတီမှ တိုက်တွန်းနိုးဆော်အပ်ပါသည်။)

☐ ☐ ☐ **ဆက်သွယ်ရန်**

ဘဏ္ဍာရေးဆိုင်ရာကော်မတီ --- မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁) မသမြေ(၉၁၇-၇၀၄-၄၆၂၃)၊ မကေနိုင်(၉၁၇-၂၉၁-၉၈၆၂)၊ ကိုချွေ (၉၁၇-၉၅၁-၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈-၃၃၅-၀၉၁၁)

ကူညီစောင့်ရှောက်ရေးကော်မတီ --- ကိုရဲထွဋ် (၇၁၈-၆၇၂-၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈-၈၁၃-၂၄၂၁)၊ ကိုဂိုမ်း (၇၁၈-၃၈၆-၃၃၉၉) ၊ ကိုနိုင်ကြီး (၆၃၁-၉၇၉-၅၆၃၂) ၊ ကိုသောင်းထွန်း (၂၀၂-၃၃၈-၀၀၄၈) ၊ မသမြေ(၉၁၇-၇၀၄-၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈-၈၁၃-၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈-၈၁၃-၂၄၂၁) ၊ နန်းဇွန်ဦး (၂၀၂-၃၃၈-၀၀၄၈) ၊ ကိုအေးကြီး ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁) ၊ မမြမြိုး (၉၁၇-၇၉၇-၂၁၃၄) ၊ မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) မကေနိုင်(၉၁၇-၂၉၁-၉၈၆၂)

သတင်းနှင့်ပြန်ကြားရေးကော်မတီ --- ကိုမင်းဆန်းမင်း (၇၁၈-၄၁၄-၅၂၉၂) ၊ ကိုဉာဏ်ဝင်းလတ် (၆၃၆-၃၂၁-၅၃၁၁) ၊ မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁)၊ ကိုအောင်ကျော်မြင့် (၆၀၇-၃၃၉-၇၀၅၄)၊ ကိုရန်မျိုးအောင် (၅၈၅-၅၇၆-၈၅၂၁)

သယ်ယူပို့ဆောင်ရေးနှင့်နေထိုင်ရေးကော်မတီ --- ကိုဝင်းရှိန် (၇၁၈-၃၃၅-၅၉၂၃) ကိုဆန်းမြင့် (၉၁၇-၅၂၃-၅၂၇၇) ကိုမိုးချမ်း (၆၃၆-၆၃၃-၈၆၈၃) ၊ မမြမြိုး (၉၁၇-၇၉၇-၂၁၃၄)၊ နန်းဇွန်ဦး (၂၀၂-၃၃၈-၀၀၄၈)

Visit our website --- http:\\longmarchandhungerstrike.odfb.org